# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၉ ခုနှစ်၊ ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ။
## [၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၁။]
## ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်။
## (၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁၉၆၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်း။

၁။ ။ ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၁,၃၇,၃၄,၅၈,၀၀၀ (ဤအက်ဥပဒေ နောက်ဆက်တွဲဇယားတွင် ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၆၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက်ခွဲဝေသုံးစွဲနိုင်သည်။

၁၉၆၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်ဘဏ္ဍာတော်နှစ်အတွက် ငွေချေးယူခြင်း။

၂။ ။ (၁) ၁၉၆၀ ပြည့်နှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်းတွင် စုစုပေါင်း ကျပ်ငွေ ၄,၀၀,၀၀,၀၀,၀၀၀ ထက်မပိုသောငွေများကို၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေ ချေးစာချုပ်များထုတ်ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ မည်သူ့ထံမှမဆို ငွေချေးယူ နိုင်သည်။ ထိုကဲ့သို့ငွေချေးသောကိစ္စအတွက်၊ ဘဏ္ဍာရေးဝန်ကြီးသည်၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ရင်း၊ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့တည်းမဟုတ် အခြားနည်းစီမံရန် စည်းကမ်း ချက်များ ထား၍ရင်း၊ အာမခံစာချုပ်များပြုလုပ်၍ ထုတ်ပေးနိုင်သည်။

(၂) ပါလီမန်၏ အက်ဥပဒေများအရသော်ငင်း၊ နိုင်ငံတော်သမတက တရားဥပဒေနှင့်အညီ ထုတ်ပြန် သော အမိန့်များအရသော်ငင်း၊ ဖွဲ့စည်းထားသောအဖွဲ့များက၊ သို့တည်းမဟုတ် ဒေသန္တရအာဏာပိုင် များက ဘဏ္ဍာရေးဝန်ကြီး၏ သဘောတူညီချက်ဖြင့် ချေးယူသည့်ငွေများကို ကျသင့်သော အတိုးနှင့် တကွပေးဆပ်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးက တာဝန်ခံနိုင်သည်။သို့သော် ၁၉၆၀ ပြည့်နှစ်၊ စက်တဘ်ာ လ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်အတွင်း၊ ထိုကဲ့သို့တာဝန်ခံသည့် ချေးငွေ စုစုပေါင်းသည် ကျပ်ငွေ ၁၅ ကုဋေထက်မပိုစေရ။

(၃) ဤအက်ဥပဒေအရ ချေးယူရရှိသော ငွေအားလုံးကို ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်များတွင် ထည့်သွင်းရမည်။

(၄) ဤအက်ဥပဒေအရ ထုတ်ပေးသည့်အာမခံစာချုပ်များနှင့် သက်ဆိုင်သောငွေရင်းနှင့်အတိုးကိုရင်း၊ ထိုအာမခံစာချုပ်များထုတ်ပေးသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ငွေများကိုရင်း၊ ပြည်ထောင် စုနိုင်ငံ၏ အခွန်တော်များမှ ထုတ်ပေးရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်။

(၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၁၀၆]

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နောက်ဆက်တွဲဇယား